# သာယာကုန်းကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာယာကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

သာယာကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား  ၉  ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀  ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား  ၁၁  ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား  ၁၂  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား  ၁၃  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား  ၁၄  ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား  ၁၅  အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား  ၁၆  ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား  ၁၇  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၁၈  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၁၉  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား  ၂၀  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၂၁  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား  ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား  ၂၃-ခ  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား  ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား  ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား  ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား  ၂၇  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား  ၂၈  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား  ၂၉  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား  ၃၀  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား  ၃၁ ကျောင်းတက်နှုန်း
ဇယား  ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား  ၃၃  ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား  ၃၄ အဖြစ်များသော ရောဂါများ
ဇယား  ၃၅  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား  ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သာယာကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

## သာယာကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်တွင်တည်ရှိပါသည်။ မိုးညှင်းနှင့် စမိုင် ဘဖာလုံခန့်ကွာဝေး၍ သွားလာရလွယ်ကူပါသည်။ ရွာထိပ်တွင် ၃ထပ်ကျောင်းဆောင်နှင့် ရွှေပြည် ငြိမ်းအေးစေတီတော်ဘုရားတည်ရှိပါသည်။ မိမိတို့၏ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး၊ အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာတွင် စပါးကိုစိုက်ပျိုးပြီး၊ ဆောင်းရာသီတွင် ပဲအမျိုးမျိုး၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲပုတ် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်များတွင် ရွာ၏အရှေ့ဘက်၌ နန့်ရင်း ချောင်းနှင့် ကပ်လျက် အနောက်တောင်မှ ဖြစ်ပေါ်စီးဆင်းလာသော ကဝဆည်နှင့် ရိုးမနိုင်ဆည်များ လယ်ယာမြေများ ခမရ၃၈၅၊ ခမရ၃၈၆တပ်ရင်းဝန်းရံလျက်ရှိပြီး ကျေးရွာအိမ်ခြေမှာ ၁၈၅အိမ်မျှသာ ရှိပါသည်။ ရွှေဘို-မြစ်ကြီးနားလမ်းအပြင် မိုးညှင်း-ဟိုပင်ရွာချင်းဆက်လမ်း ထပ်မံဖောက်လုပ်ထား ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် မိုးညှင်းမြို့နယ်၏ အလယ်ဗဟို၌ တည်ရှိ သော နန်းမားကျေးရွာအုပ်စုက ကလေးတစုဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်မြေဧရိယာ ၅၀၀၀ကျော်ကေရှိပြီး မြေဆီအညှံ့မရှိပါ။ ကောင်းမွန်ပါသည်။ ကျေးရွာတွင်း သယံဇာတအဖြစ် အိမ်တိုင်းလိုလို အိမ်၏နောက်ဘက်များတွင် ဝါးနက်ဝါး၊ မိုင်းပုတ် ဝါး၊ တင်းဝါးများကို စိုက်ပျိုးထားကြသည်။ ဝါးများကို အိမ်ခြံကာရံခြင်း၊ အိမ်ထရံများယက်၍ ကာ ခြင်း၊ အိမ်ဆောက်လုပ်ရာတွင် အသုံးပြုခြင်းများပြုလုပ်ကြပြီး၊ ကျေးရွာ၏ တောတောင်နေရာများ တွင် ကျွန်း၊ ပျဉ်းမပင်များ၊ အခြားကညင်း၊ အင်ကြင်း၊ ဂျီးလန်၊ မအူ၊ တမာ၊ စကာဝါ သစ်ပင်များ ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ လယ်ယာမြေအများစုမှာ မိုးရေနှင့် တောင်ကျချောင်းရေ မှာ မိုးရေနှင့် တောင်ကျချောင်းရေမှ စီးဆင်းလာသော ဆည်ကြီး၂ဆည်ကြီး ၂ဆည်ကိုအမှီပြု၍

လယ်ယာမြေကေ၅၀၀ဂကျော်ကေကို စပါးအဓိကစိုက်ပျိုးကြပါသည်။ ဆောင်းရာသီတွင် ပဲပုတ်မြေ ပဲ အများဆုံးစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၈၉)စုနှင့်ကျား(၄၅၈)၊ မ(၃၇၈)ဦးဖြင့် လူဦးရေပေါင်း (၁၀၃၅)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်(၅.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်ပျှမ်းမျှနှုန်း (၅)ဦးဆိုထားပါသဖြင့် စံနှုန်းနှင့် ကိုက်ညီပါသည်။ ကျေးရွာတွင် ရှမ်းမြန်မာ၊ တိုင်းလျှန်(ရှမ်းနီ)၊ ရခိုင်၊ ကချင်၊ ပအိုဝ်းများနေထိုင်ကြပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေစုစုပေါင်း ၆၅.၃၁ရာခိုင်နှုန်းခန့် ရှိသဖြင့် လူသားအရင်းဖြစ်ကောင်း တစ်ရပ်ဖြစ်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားသာမန် သာဖြစ်သည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် ချမ်းသာသည့် အဆင့်တွင်(၃.၄)ရာခိုင်နှုန်း ဖြစ်သည်။ အလယ်အလတ်အဆင့်တွင် (၄၈.၁)ရာခိုင်နှုန်း၊ ဆင်းရဲသောအိမ်ထောင်စုတွင် (၃၈.၃)ရာခိုင်နှုန်း အလွန်ဆင်းရဲသော အိမ်ထောင်စုတွင် (၁၀.၂)ရာခိုင်နှုန်းရှိသည်ဟု သတ်မှတ်ကြပါ သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လယ်ယာသုံးကိရိယာများပိုင်ဆိုင်မှုနှင့် ရတနာမြေများ ထွက်ရှိရာ ဖားကန့်၊ တနိုင်း၊ နန့်မချီမော်နယ်မြေများနှင့် လက်လမ်းမီသဖြင့် ကျေးရွာ၏စီးပွားရေး အခြေအနေအတင့်အသင့်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများမှာ လယ်ကေများစွာပိုင်ဆိုင် သော လယ်သမားများဖြစ်ကြပါသည်။ လူငယ်အများစုမှာ ဖားကန့်၊ နန့်မချီမော်နယ်မြေများနှင့် ငှက်ဖျား၊ ပျောင်းခြံ၊ ဖရဲခြံလုပ်ငန်းရှိရာသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ လူငယ်အများစုမှာ အစိုးရဝန်ထမ်းလုပ်ကိုင်သူများလည်းရှိကြသည်။ ဘွဲ့ရပြီး အုလုပ်မလုပ်သူများလဲရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများနည်းပါးသော်လည်း ရာသီအလိုက်လယ်ယာ လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း ထို့တွင် လုပ်ကိုင်ရာဖွေနိုင်သည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ (၃၀)ရာခိုင်နှုန်းဖြစ်သော်(၁၀)အိမ်ထောင်စုကို စစ်တမ်းကောက်ယူမှုအရ ယင်းတို့၏(၁၀၀)ရာခိုင် နှုန်းမှာ ချေးငှားယူကြသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် ချေးငှားယူကြသည်

အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်သည်။ ထိခိုက်လွယ်သောအိမ်ထောင်စု(၃)စုရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သက်ကြီးပိုင်းအများစု မှာ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများပိုဖြစ်ကြသည်။ ရွာသားအများစုသည် ကျန်းမာရေးဗဟုသုတနည်းပါးသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲသို့လည်းကောင်း နန်းမားမြို့ကုတင်(၁၆)လုံးဆန့် ဆေးရုံသို့လည်းကောင်း အလွယ်တကူသွားလာနိုင်သည်။ ကျေးရွာတွင် တုံကင်၊ ရေတွင်း မော်တောသုံးတို့ဖြင့် ရေကိုအလွယ်တကူရရှိနိုင်ပြီး ရေနှင့်ပတ်သက်သောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာအဆင့်အတန်းသည် အတော်အသင့်ရှိပါသည်။ ရွာသားအများစုသည် အခြေခံ၊ အရေး၊ အဖတ်အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အတင့်အသင့်ရှိသည်။ အခြေခံပညာကို ရွာထဲရှိ မူလတန်းကျောင်းတွင် သက်ရောက်သင်ကြားနိုင်ပြီး အထက်တန်းကို နန်းခမ်း၊ သာယာကုန်းထ(ခွဲ)တွင် တက်ရောက်သင်ကြားရသည်။ အသက်မွေးဝမ်းကျောင်းမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျန်းမာရေးကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိပါသည်။ ကျန်းမာရေးဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျားနှင့်မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သောကိန်းကဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်နှင့် ယောကျားလေးအရေအ

တွက်ထက် စာရင်းများပါသည်။ မိန်းကလေးအရေအတွက်များပါသည်။ အလယ်တန်းနှင့် အထက်တန်းတို့တွင်လည်း ကျေးရွာတွင် ပညာရေးဆိုင်ရာအခွင့်အလမ်းမှာ အမျိုးသားများနှင့် အတူတူဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာတွင် လုပ်အားခများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်နည်းပါးလျက်ရှိပါသည်။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့ရှိသည်။ အဖွဲ့အစည်းအားလုံး၏ လုပ်ရှားဆောင်ရွက်မှုများမှာ အားနည်းလျက်ရှိပြီး အဆိုပါအဖွဲ့အစည်းများတစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက်မှု အားနည်းပါသည်။ အဆိုပါအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းများရရှိနိုင်ပါက ကျေးရွာရှိအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုထက်ကောင်းမွန်လာနိုင်သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ကေ(၅၀၀၀) ကျော်ရှိပါသည်။ ၄င်းကေများကို စိုက်ပျိုးမှုထုတ်လုပ်ရာတွင် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရပြီး လုပ်အားခပိုမိုပေးနိုင်မျှသာလျှင် အလုပ်သမားများကို ငှားရမ်းရရှိကြကာ ကုန်ကျစရိတ်မြင့်မားရပါသည်။ ရာသီဥတုအခြေအနေမှာ ရာသီအလိုက်ညီညွတ်မျှသမှုမရှိပါသဖြင့် နည်းမျိုးပေါင်းစုံများစွာဖြင့် စိုက်ပျိုးရခြင်းကြောင့် အခက်အခဲတွေ့ပါသည်။ ထို့အတွက်ကြောင့် အထွက်နှုန်းများ ရာနှုန်းပြည့်မရနိုင်ပါ။ ဆောင်းရာသီသီးနှံစိုက်ခင်းများတွင်လည်း ပဲအမျိုးမျိုးနှင့် အခြားသော သီးနှံများ စိုက်ပျိုးရာတွင် ဖျက်ပိုးများမျိုးစုံကျရောက်သောကြောင့် အောင်မြင်မှုနည်းပါးခြင်းဖြစ်နေသည်ဖြစ်၍ ၄င်းအဖျက်ပိုးများ ဥတုအရရောဂါများတို့ကို ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေး အချို့နှင့် မိုသက်ရောဂါပျောက်ဆေးတို့ကို ပပျောက်နိုင်ရန် နည်းစနစ်များ အထူးလိုအပ်နေပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းနေထိုင်သော ရွာသူ/ရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် စားဝတ်နေရေးမပြေလည်နိုင်ပါသဖြင့် နီးစပ်ရာဆန်စက်၊ ဆီစက်၊ သစ်စက်တို့တွင် ဝင်ရောက်လုပ်ကိုင်ရပါသည်။ အချို့သောပုဂ္ဂိုလ်များမှာလည်း သတ္တုတူးဖော်ရာဌာနတို့တွင် လုပ်ကိုင်ကြရသည်မှာ အသက်စွန့်၍ပင်လုပ်ရငြားသော်လည်း ငွေကြေးကို အခနှုန်းထားအတိုင်း ရရှိမှုမရှိပါ။ လုပ်ငန်းမှန်သမျှကို

ချိန်ထိုးကြည့်လျှင်ရရှိဝင်ငွေနှင့် ထွက်ငွေသည် မျှတမှုမရှိပါသောကြောင့် စားဝတ်နေရေးသည် အခက်အခဲရှိနေပါသည်။ ရွာသူ/ရွာသားများသည် ပညာအရည်အချင်းအားနည်း နိမ့်ကျမှုကြောင့် ခွန်အားစိုက်ထုတ်ရသော ကာယသုံးအလုပ်များကိုသာ လုပ်ကိုင်ကြရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

သဘာဝပတ်ဝန်းကျင်နှင့် ကျေးရွာတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော စပါးနှင့်ဆောင်း သီးနှံ စိုက်ခင်းများတွင် ပိုးမွှားများကျရောက်ခြင်း ဥတုအရရောဂါများဖြစ်ခြင်းတို့ကြောင့် မဖြစ်မနေ ပိုးသတ်ဆေးနှင့် ဓာတုဗေဒများပါသော ဓာတ်မြေသြဇာများ၊ ပေါင်းသတ်ဆေးများသုံးစွဲရခြင်း ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးတောင်သူများမှာ ကျန်းမာရေးနှင့် လူနေမှုပတ်ဝန်းကျင်ကို အသိဉာဏ်အားနည်းချက်ကြောင့်၊ ပလတ်စတစ်အိတ်ခွန် နှင့် ဘူးခွန်များကို စနစ်တစ်ကျစွန့်ပစ်ခြင်းမရှိပါသဖြင့် ကျေးရွာအတွင်းအပြင်နှစ်ဌာနၡ သဘာဝ ပတ်ဝန်းကျင်ပျက်စီးရကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အဖက်ဖက်ဆိုင်ရာမှ ပညာပေးဟောပြောပွဲ များဆောင်ရွက်ပေးသင့်ပါသည်။ တောတောင်သစ်ပင်များ စည်းကမ်းထုတ်လုပ်မှုများပြားလာသဖြင့် ရာသီဥတုဖောက်ပြန်ပြီး ချောင်းရေများရေကန်များ ခမ်းခြောက်ကာ ရေရှားပါးမှု ပြဿနာနှင့် ကြုံတွေ့ရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာအတွင်းမှ စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ တစ်လအတိုး ၇၅ပြားနှုန်း၊ ၁ဧကလျှင် ၁သိန်းခွဲကျပ်နှုန်းဖြင့် ၁၀ဧကအတွက်သာချေးယူနိုင်ပါသည်။ သမဝါယမဦးစီးဌာနမှလည်း သမချေးငွေများကို ထုတ်ချေးပေးပါသည်။ အထက်ပါချေးငွေများကို လယ်ယာမြေရှိသော အခင်းမြေရှိသော တောင်သူများအတွက်သာလျှင် ထုတ်ချေးပေးသောကြောင့် လယ်ယာမြေနှင့် အခင်းမြေမရှိသော ပုဂ္ဂိုလ်များသည် ငွေကြေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ မရှိပါသဖြင့် အခက်အခဲနှင့် တွေ့နေကြရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အ.မ.ကမူလတန်းရှိသောကြောင့် လူကြီးလူငယ်များ အများစုမှာ ရေးတတ်/ဖတ်တတ်ပြီး အဖိုးကြီး၊ အဖွားကြီးများသည် အားလုံးစာတတ်မြောက်မှုမရှိပါ။ မူလတန်း ကျောင်းတွင် စာသင်ကြားနေသောကျောင်းသားဦးရေစုစုပေါင်းမှာ တစ်ရာဝန်းကျင်မျှရှိပါသည်။ အလယ်တန်း၊ အထက်တန်းတွင် တက်ရောက်စာသင်သော ကျောင်းသားကျောင်းသူများသည် စုစုပေါင်းကျောင်းသားဦးရေမှာ ၈%မျှသာရှိပါသည်။ တက္ကသိုလ်ပညာရေးကို မိုးညှင်းမြို့၊ မြစ်ကြီး

နားမြို့၊ မန္တလေးမြို့၊ ဗန်းမော်မြို့၊ မုံရွာမြို့များတို့ သွားရောက်သင်ကြားရပါသည်။ ကျေးရွာတွင်းရှိ မူလတန်းကျောင်း၌ ဆရာ/ဆရာမကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ ၇ယောက်ရှိပါသည်။ စာပေသင်ကြားမှုအဆင့်ပြေသော်လည်း ကျောင်းတွင်းပရိဘောဂနှင့် ကျောင်းသုံးစာအုပ်စာရေး ကိရိယာကျောင်းအားကစားဆိုင်ရာ ပစ္စည်းများအားနည်းချက်ရှိပါသည်။

ကျေးရွာတွင်းရှိ ရွာသူ/သားများသည် နီးစပ်ရာ နန်းမားတိုက်နယ်ဆေးရုံကိုသာ အမှီပြုရပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ ကျေးရွာအတွက် လိုအပ်မှုများ ရှိနေပါသေးသည်။ ကျေးရွာအတွင်း ယင်လုံအိမ်သာများ သုံးစွဲပါသဖြင့် ရေနှင့်ဆက်စပ်၍ ဖြစ်ပွား သည့်ရောဂါများ နည်းပါးပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

အားကစားမောင်မယ်များအတွက် နည်းပညာပေးဆရာမရှိသောကြောင့် အားကစား ပညာဖွံ့ဖြိုးမှုများ အရည်အချင်းအပြည့်မရှိသေးပါ။ ကျေးရွာအတွင်းရှိ လူမှုရေးဆောင်ရွက်ချက်မှာ လည်း အများအားဖြင့် စီးပွားရေးအားနည်းချက်ကြောင့် ဆောင်ရွက်မှုအားနည်းနေပါသည်။ မြန်မာ့ ယဉ်ကျေးမှုဖော်ဆောင်ရာတွင် သီးခြားလုပ်ကိုင်ခြင်း ဆောင်ရွက်ခြင်းအားနည်းနေပါသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း အပြင်လမ်းအားလုံးမှာ မြေသားလမ်းဖြစ်သဖြင့် မိုးရာသီရောက်လျှင် အမြဲ တမ်းပြုပြင်နေရပါသည်။ ကျေးရွာအတွင်း လျှပ်စစ်မီးလိုင်းများကို ၂၀၁၄ခုနှစ်မှစ၍ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် သွယ်တန်းထားသောမီးလိုင်းမှ လျှပ်စစ်မီးများကို ဆက်သွယ်အသုံးပြုရ ပါသည်။ ရွာသူရွာများသည်လည်း မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ကောင်းစွာအသုံးပြုနိုင်ကြပါသည်။ အင်တာနက်လိုင်းအသုံးပြုမှုမှာ အတင့်အသင့်မျှသာရှိပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာအတွင်းရှိ ရွာသူ/ရွာသားများသည် စာကြည့်တိုက်ရှိထား သဖြင့် စာအုပ်စာပေရှိငြားသော်လည်း စာပေဖတ်ရှုမှုအားနည်းသဖြင့် လူအများစုမှာ ဗဟုသုတနည်း ပါးလျက်ရှိပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်း ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးပါသည်။ ဆက်သွယ်ရေးလိုင်းကောင်း သဖြင့် အမှုဖြစ်ပွားခဲ့လျှင်လည်း အလွယ်တကူချိတ်ဆက်တိုင်းကြား အကူအညီတောင်ခံနိုင်ပါသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အခက်အခဲပြဿနာများသည် ကျေးရွာအတွင်းရှိ လူထုအားလုံး အား စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးအားလုံးတို့ကို အခက်အခဲပြဿနာများ ပေးနိုင် ပါသဖြင့် ၎င်းတို့အားလုံးသည် တိုးတက်မြင့်မားမှု နှေးကွေးစေပါသည်။ သဘာဝဘေးအန္တရာယ်နှင့်

ပတ်သက်၍ လျော့ပါးမှုဖြစ်သေရန်အစီအစဉ်များ သတ်မှတ်ထားခြင်းမရှိပါ။ အာမခံလုပ်ငန်းနှင့် ပတ်သက်၍လည်း ဝန်ဆောင်မှုလုပ်ငန်းမရှိသေးပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို လွယ်ကူစွာရရှိပါသဖြင့် ကျေးရွာအတွင်းရှိ မိသားစုများသည် ချက်ပြုရေးကဏ္ဍာတွင် လွယ်ကူစွာသုံးစွဲနိုင်ခြင်းကြောင့် ထင်း၊ မီးသွေးများ သက်သာပါသည်။ ကျောင်းသူ/ကျောင်းသားများနှင့် ရွာသူ/ရွာသားအားလုံးသည် လျှပ်စစ်မီးအသင့်ရှိထားပါသောကြောင့် စာဖတ်/ရေးခြင်း အထောက်အပံ့ဖြစ်စေပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားစေပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ နန်းမားတိုက်နယ်ဆေးရုံနှင့် နီးစပ်သောကြောင့် ကျန်းမာရေးအတွက် အခက်အခဲသိပ်မရှိပါ။ ပညာရေးကဏ္ဍာတွင်လည်း ဆရာ/ဆရာမ လုံလောက်သဖြင့် ပညာရေးအဆင့် ကောင်းမွန်စွာရှိပါသည်။ လယ်ယာမြေနှင့် ယာဆင်းမြေများမှ ထွက်ရှိသောသီးနှံများကို အလွယ်တကူရောင်းချနိုင်ပါသည်။ ရွာသူ/ရွာသားများသည် တည်ငြိမ်အေးချမ်းခြင်း ရာဇဝတ်မှုနည်းပါးခြင်းကြောင့် ကူးသန်းရောင်းဝယ်ရေးမှာ အခက်အခဲမရှိပါ။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအတွင်းရှိ လယ်သမားများ လုပ်ကိုင်စားသောက်နေသော လယ်၊ မြေ၊ အခင်းမြေများသည် မြေဆီလွှာအားနည်းချက်ကြောင့် သီးနှံများစိုက်ပျိုးရာတွင် ဓာတုမြေသြဇာများ သုံးစွဲရသဖြင့် ငွေကြေးကုန်ကျမှုများ လိုသည်ထက်ပို၍ သုံးစွဲရပါသည်။ ထို့ကြောင့် လယ်ယာလုပ်သားများ လုပ်အားခဖြေရှင်းရန် အခက်အခဲရှိပါသည်။ ဆည်ရေသောက်ကောင်းမွန်စွာ ရေပေးဝေမှုရရှိရန် ဆည်များအားနည်းချက်ရှိပါသဖြင့် သုံးစွဲရန်ရေကောင်းမွန်စွာ မရရှိပါ။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ခုနှစ်ကုန်ဆုံးမည့် အချိန်တွင် ကျေးရွာရာအိမ်မှုများဖြင့် တိုင်ပင်ပြီး ဖွံ့ဖြိုးရေးပန်းတိုင်များကို စီမံချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့သည် ဘုန်းကြီးကျောင်းပြန်လည် တည်ဆောက်ခြင်း၊ ဓမ္မစကူးသင်တန်းဖွင့်လှစ်ခြင်း၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် ရွာရှိပြည်သူလူထုများ ဘာသာရေးအမြင်

ပိုမိုသိရှိလာပြီး မူးယစ်ဆေးဝါးသို့ အာရုံရောက်ရှိမှု လျော့နည်းလာကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ကာ လူငယ်များစီးလုံးညီညွတ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရမည်။

က.၂) ကျွန်ုပ်တို့သည် လူသားများဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကျယ်ဝန်းလာစေရန် စာကြည့်တိုက်ဖွင့်လှစ်ခြင်း စာတတ်မြောက်မှု ပိုမိုများပြားတိုးတက်စေရန် စာသင်ကျောင်းပြုပြင်ဆောက်လုပ်ခြင်း၊ စာအုပ်စာပေဝယ်ယူ လေ့လာခြင်းဖြင့် ပို၍ကောင်းမွန်သော တိုးတက်မြင့်မားပြီး အတွေးအခေါ် ဒဿနဉာဏ်များ တိုးတက်မြင့်မားလာစေရမည်။ စီးပွားရေးဖြစ်မြောက်ရန် အတွေးအခေါ်များ လည်းဖြစ်ပေါ်လာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးအောင်မြင်ရန် ဆည်မြောင်းပြုပြင်ခြင်း လုပ်သားရှားပါးမှုပြဿနာအတွက် စက်မှုလယ်ယာအသုံးပြုနိုင်ရန် နည်းပညာရရှိရန် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထုများ စီးပွားရေးထုတ်ကုန် တိုးတက်မြင့်မားစေပြီး ဝင်ငွေများတိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့သည် ကျေးရွာအတွင်း အပြင်ရှိ တံတားနှင့်လမ်းများကို ပိုမို၍ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်ခြင်းအားဖြင့် ကူးသန်းရောင်းဝယ်ရေးအဆင့်မှီ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ဝင်ငွေများတိုးပွားလာစေရမည်ဖြစ်သည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို မဖြစ်မနေရောက်ရှိရန်အတွက် ကျွန်ုပ်တို့သည် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ဘာသာရေးသာဒနိက အဆောက်အဦများ တည်ဆောက်ရန် ငွေကြေးကောက်ခံခြင်း၊ လုပ်အားဒါနလုပ်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။ စေသနာရှင် တဒ္ဒါများရှင်တို့မှ အလှူငွေများလက်ခံရရှိပြီး သာသနဗိမန်များကို လွယ်ကူစွာ အမြန်တည်ဆောက်ပြီးစီးနိုင်အောင် ဆောင်ရွက်သွားမည်။ ၄င်းသာဓနိက အဆောက်အုံများနှင့် သာသနဗိမန်တော်ကြီးများ တည်ဆောက်အောင်မြင်ခြင်း၏ အကျိုးသက်ရောက်မှုသည် ကျေးရွာအတွင်းရှိ လူငယ်လူရွယ်မောင်မယ်များအား ဘာသာရေး ယဉ်ကျေးမှုများအားကောင်းလာခြင်း၊ ဘာသာရေးအသိဉာဏ်ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အချိန်မှီကြိုတင်ကာကွယ်တားစည်းနိုင်မည်ဖြစ်သည်။ ဘာသာရေးဓဿနဉာဏ်များ တိုးတက်မြင့်မားတွေးခေါ်လာနိုင်ခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှု အက၊ စာပေအားလုံးတို့ကို ယခုလက်ရှိလူငယ် မောင်မယ်အားလုံးတို့သည် နောင်အနာဂတ် လူငယ်မောင်မယ်တို့အား ယခုအချိန်ထက် ပိုမိုတိုးတက်မြင့်မားလာနိုင်စေရန် လက်ဆင့်ကမ်းညွှန်ကြား သင်ကြားတွေး

နိုင်မည်ဖြစ်ရာ ယခုအချိန်ထက် နောင်အနာဂတ်တွင် အထက်ပါရည်မှန်းချက် အရပ်ရပ်တို့ကို ပိုမို၍ ဖွံ့ဖြိုးတိုးတက်စွာ လုပ်ဆောင်လာနိုင်စေရမည်။

၁.၂) ကျေးရွာ၌ရှိသော အ.မ.ကကျောင်းတွင် စာသင်ကြားသော ကလေးလူငယ်များ၏ ပညာရေး စိတ်ဓာတ်မြင့်မားတိုးတက်ရေးတို့ကို ဖြစ်ပေါ်လာနိုင်စေရန်အတွက် ဟောင်းနွမ်းသော စာသင် ကျောင်းအဟောင်းကို အသစ်ပြုပြင်လည်တည်ဆောက်ခြင်း ခြံဝင်းစည်းရိုးကာရန်ခြင်းတို့ကို ပြုလုပ်ရမည်။ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ခြင်းဖြင့် ယခုလက်ရှိလူငယ်များနှင့် နောင်အနာဂတ် လူငယ်များအားလုံးတို့၏ စာပေဗဟုသုတများ၊ ဘက်ပေါင်းစုံမှ ဗဟုသုတများ၊ အသိပညာဗဟုသုတ များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အောင်မြင်စေနိုင်ပြီး အသိဉာဏ်ဘက်ပေါင်းစုံကြောင့် မူးယစ် ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်ရမည်ဖြစ်သည်။

၁.၃) ကျွန်ုပ်တို့သည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆည်မြောင်းများကို ပြုပြင်မွမ်းမံခြင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း အလုပ်သမားရှားပါးမှုအတွက် စက်မှုလယ်ယာအဖြစ် ပြောင်း လဲနိုင်ရန် နည်းပညာအကူအညီရယူခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ကာ တောင်သူ လယ်သမားများအတွက် ဝင်ငွေပိုမိုတိုးတက်ကောင်းမွန်လာစေရမည်။ လူငယ်များအတါက် အပ်ချုပ်၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်ခြင်း၊ မိုဘိုင်ဖုန်းပြင်ခြင်း၊ ကွန်ပျူတာပြင်ခြင်းစသော လုပ်ငန်းများနှင့် စက်မှုလယ်ယာသင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထို့သင်တန်းများမှ သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင် တိုးချဲ့နိုင်ပြီး အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် အဆောက်အဦများကို တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာတံတားများကိုလည်း ပြုပြင်ပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်း မွန်အောင်ဆောင်ရွက်ပေးမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရာ တိုက်တွန်းအားပေး ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ

ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်ရာတွင် နည်းပညာအထောက်အပံ့များ ပံ့ပိုးမှုသည် အရေးပါသကဲ့သို့ မူးယစ်ဆေးပပျောက်အောင် ဆောင်ရွက်ရာနှင့် စာပေဗဟုသုတ အသိပညာတိုး တက်လာစေရန် စာပေဟောပြောပွဲများ ပြုလုပ်ပေးရန်အရေးပါလှပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ အကျွန်ုပ်တို့ရွာသူရွာသားများကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်းပြန်လည်စီစဉ်ခြင်း များကို စနစ်တကျသတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ရန် ကြိုးပမ်းသွားမည်။ ဦးစားပေးစီမံ ချက်များကို ဆောင်ရွက်နိုင်ရန်ငွေကြေးနှင့် နည်းပညာများကို အစိုးရထံမှ အထောက်အပံ့ရရှိနိုင်ရန် မျှော်လင့်ပါသည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စိုက်ပျိုးမြေများကို ထိရောက်စွာ အသုံးပြုချနိုင်ရေးအတွက် သဘာဝအရင်း အမြစ်ဖြစ်သောရေမှာ တောင်သူများအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဆည်မြောင်းများကို စနစ်တကျတည်ဆောက်ရန် နည်းပညာများကို လိုအပ်ပါသည်။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုး ကြပြီး ဆောင်းသီးနှံအဖြစ် အာလူး၊ ကြက်သွန်နှင့် ပြတို့ကို စိုက်ပျိုးကြသည်။ စိုက်ခင်းများအတွက် ရေအရင်းအမြစ်များကို လယ်မြေများတွင် ရှာကျန်သုံးစွဲနေရပါသည်။ လယ်ယာလုပ်သားရှားပါးမှု အတွက်အခြားဒေသမှ လုပ်သားများမှီခိုအားထားနေရပါသည်။ နည်းပညာအသုံးပြုမှုများ အပါ အဝင် ဆည်မြောင်းတည်ဆောက်ရေး၊ နည်းပညာရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး ဆောင်ရွက်သင့်သည်။

**(ဂ) မူးယစ်ဆေးဝါးနှိမ့်နှင်းရေး**

ကျေးရွာတွင် မူးယစ်ဆေးဝါးကို စနစ်တကျနှိမ်နှင်းနိုင်ရန် မူးယစ်ဆေးဝါးနှိမ်နှင်းရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းထားရမည်။ အစိုးရအဖွဲ့အစည်းများမှလည်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက် ကားမှုကို ထိထိရောက်ရောက်တားစီးနိုင်ရန် လိုအပ်ပါသည်။ မြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှု ဘိန်းဖြတ်ဆေးရုံနှင့် ပြုစုပျိုးထောင်ရေးများ တည်ဆောက်ရန်လိုအပ်ပါသည်။ ဘိန်းဖြတ်ပြီးသော လူငယ်လူရွယ်များအား ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် အားကစားပြိုင်ပွဲများ ပြုလုပ်ပေးခြင်းအလုပ်ကိုင်

အခွင့်အလမ်းများ နေရာချပေးခြင်းအားဖြင့် မူးယစ်ဆေးဝါးကို ထိရောက်စွာ ကာကွယ်နိုမ့်နှင်းနိုင်သည်။

**(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

ကုလကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

**(ဃ) အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး**

ကျေးရွာတွင် ဘွဲ့ရပညာတတ်လူငယ်များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လုပ်ကိုင်နိုင်စွမ်း အလားအလာရှိသည်။ ဘွဲ့ရပညာတတ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် အသေးစားစက်မှုလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအ ထောက်အကူပြုအဖွဲ့တည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာတစ်နှစ်ပတ် လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်များ နှင့် တိုးချဲ့ပညာပေးရေး အချို့ပါဝင်မည်ဖြစ်ပြီး မြို့နည်ဒေသမှ ကျေးရွာအထိ လိုအပ်သော စီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန် ပုံငွေလည်းရှိရပါမည်။

**(င) ကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်စွာရရှိရေး**

ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအဖြစ် ကျန်းမာရေးဌာနရှိသော်လည်း အရေးပေါ် အခြေအနေများကို နန်းမားဆေးရုံတို့ အမိကသွားရောက်ကုသခံယူရပါသည်။ ကျန်းမာရေးဟော ပြောပွဲ မရှိသဖြင့် ကျန်းမာရေးအသိပညာနည်းပါးသည်။ သက်ကြီးရွယ်အိုအများစုမှာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါအမိကဖြစ်ပွားသည်။ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း မိခင်နှင့်

ကလေးစောင့်ရှောက်ရေးအဖွဲ့အား စနစ်တကျလုပ်ဆောင်နိုင်ရန် မြို့နယ်မှ ကူညီပေးခြင်း အားဖြင့် ကျန်းမာရေးကောင်းမွန်လာပြီး ကျေးရွာပိုမိုဖွံ့ဖြိုးလာမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုအဖြစ် သဘောထား နားလည်စေနိုင်မည် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ၅နှစ်သာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလဖော်ထုတ်ကူစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပေ။ ဤသည်မှာ ကျေးရွာလူထုသည် ၂နှစ်၊ ၃နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ၅နှစ်သာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ကူစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြ ပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ၅နှစ်သာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တ ရာယ်ထဲသို့ ထိခိုက်မှုများ မပေါ်ပေါက်ပါက အနည်းနက်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက် ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်မည်။ ထို့ကြောင့် ၅နှစ်သာကာလကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင် ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ R.C ကွန်ကရစ်တံတား တည်ဆောက် လိုခြင်း | ၉၈ | ၁ | – ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆ က်ဆောင်ရွက်ခြင်း၊ လုပ်အားများစိုက်ထုတ်ခြင်းဖြင့် ဆောင်ရွ က်ခြင်း | ကျေးလက် ဦးစီး |
| | ၂။ ကျေးရွာတွင်းလမ်း မကောင်းခြင်း | ၇၅ | ၂ | – ကျေးလက်လမ်းတံတားဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လိုခြင်း | |
| | ၃။ ကျေးလက်ကျန်းမာရေးဌာန အဆောက် အဦးလိုအပ်ခြင်း | ၇၂ | ၃ | - ကျန်းမာရေးဝန်ကြီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်လိုခြင်း | – |
| | ၄။ ရွာတွင်းရှိ စာသင်ကျောင်းအား | ၆၈ | ၄ | – | |

| | | | |
|---|---|---|---|
| အဆင့်မြင့် တင်တည်ဆောက်လိုခြင်း | | | ပညာရေးဝန်ကြီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း |
| ၅။ ကျေးရွာအတွင်း သာသနာ့ ဗိမ္ဗာန် အဆောက် အဦးများ တည်ဆောက်လိုခြင်း | ၅၄ | ၅ | - ကော်မတီများ ဖွဲ့စည်း ၍ အလှူခံခြင်း၊ စေတ နာရှင် သဒ္ဒါရှင်များ ဖိတ်ခေါ်ခြင်း |
| ၆။ ကျေးရွာကြီးဖြစ်သည့်အတွက် မီးသတ်အ ဆောက်အဦးနှင့် ကားများလိုအပ်ခြင်း | ၅၀ | ၆ | – <br>- မီးသတ်သင်တန်းတက်ထားသော အဖွဲ့အစည်း များရှိခြင်း |
| ၇။ စိုက်ပျိုးရေးအတွက် ဆည်တည်ဆောက် ထားသော်လည်း ပြုပြင်ရန်လိုအပ်ခြင်း | ၄၇ | ၇ | – လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနမှ ပျက်စီး နေသည့် ရေသွင်းဆည် ကို မွမ်းမံပြင်ဆင်ရန်လို အပ်ခြင်း |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ R.C ကွန်ကရစ်တံတား တည်ဆောက်လိုခြင်း | ၁ | —— | —— | —— | —— | —— |
| ၂။ ကျေးရွာတွင်းလမ်းမကောင်းခြင်း | ၂ | | —— | —— | | |
| ၃။ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦးလိုအပ်ခြင်း | ၃ | —— | —— | —— | | |
| ၄။ရွာတွင်းရှိ စာသင်ကျောင်းအား အဆင့်မြင့်တင်တည်ဆောက်လိုခြင်း | ၄ | —— | —— | —— | | |
| ၅။ ကျေးရွာအတွင်း သာသနာ့ဗိမ္ဗာန် အဆောက်အဦးများ တည်ဆောက်လိုခြင်း | ၅ | | —— | —— | | |
| ၆။ ကျေးရွာကြီးဖြစ်သည့်အတွက် မီးသတ်အဆောက်အဦးနှင့် ကားများလိုအပ်ခြင်း | ၆ | —— | —— | —— | | |
| ၇။ စိုက်ပျိုးရေးအတွက် ဆည်တည်ဆောက်ထားသော်လည်း ပြုပြင်ရန်လိုအပ်ခြင်း | ၇ | | —— | —— | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်လမ်းများကွန်ကရစ်လမ်းတည်ဆောက်ခြင်း | | | √ | | |
| ၂ | ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦလိုအပ်ခြင်း | | | √ | | |
| ၃ | ရွာတွင်းရှိ စာသင်ကျောင်းအားအဆင့်မြင့်တင်ပြုပြင် တည်ဆောက်လိုခြင်း | | | √ | | |
| ၄ | သာယာကုန်း၊ အင်ကြင်းကုန်းကျေးရွာချင်းဆက် တံတားဆောက်လုပ်ရန် လိုအပ်ခြင်း | | | √ | | |
| ၅ | ကျေးရွာတွင်း သာသနာ့ဗိမ္မာန်အဆောက်အဦများ ဆောက်လိုခြင်း | | | √ | | |
| ၆ | ကျေးရွာကြီးဖြစ်သည့်အတွက် မီးသတ်အဆောက်အဦနှင့် ကားများ | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လိုအပ်ခြင်း | | | | | |
| ၇ | စိုက်ပျိုးရေးအတွက် ဆည်တည် ဆောက်ထားသော်လည်း ပြုပြင်ရန်လို အပ်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရ ပါမည်။

ှုမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ ၁**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၈ | ၁၂ | ၁.၁ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၁ | ၃၆ | ၆၇ | ၆.၄၇ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၄၂ | ၇၄ | ၇.၁၅၈ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၇၅ | ၁၀၁ | ၁၇၆ | ၁၇.၀ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၄ | ၃၇၂ | ၆၇၆ | ၆၅.၃၁ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၈ | ၃၀ | ၂.၉ |
| **စုစုပေါင်း လူဦးရေ-၁၀၃၅** | | **၄၅၈** | **၅၇၇** | **၁၀၃၅** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၈၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၆** | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကွာခြားချက် အနည်းငယ်ရှိသည်။ ကျေးရွာတွင်း အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်၆၅.၃၁%ရှိ၍ အလုပ်အကိုင်အခွင့်အလမ်း အလွန်နည်းပါးပါသည်။ တစ်အိမ်ထောင်လျှင် ၅.၆%ရှိပါသည်။ ကျောင်းသားဦးရေနှင့် ကျောင်းအဆောက်အဦမျှတမှုရှိသော်လည်း အဆောက်ဦမှာ သက်တန်းကြာမြင့်သောကြောင့် ပြုပြင်မွမ်းမံရန်လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၃ | | ၈၀ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | ၅၃.၄ | - | ၁၀၁ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၁ | ၁၂ | - | ဆန်စက်နှင့် ယိုစုံလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | ၁၀ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၁ | ကော်ဖီဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅ | ၁ | ၄ | မြို့သို့လိုင်းဆွဲ၊ ယာဉ်မောင်းနှင့် ယဉ်နောက်လိုက် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၃.၇ | - | - | ကူလီလုပ်ငန်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၅ | | - | ရဲဝန်ထမ်း |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၂ | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| | **စုစုပေါင်း** | **၁၈၉** | **-** | **၁၃** | **၁၀၆** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရွာ၏အဓိက စီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။ လူငယ်အများစုမှာ

ပွင့်လင်းရာသီချိန်တွင် ဖားကန့်၊ နန့်မချီ၊ တနိုင်းတို့တွင် ကျောက်ရှာ၊ ရွှေလုပ်၊ ဈေးရောင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဘွဲ့ရပညာတတ်များရှိပါသည်။ အစိုးရဝန်ထမ်းလုပ်သူများလည်း အတင့်အသင့်ရှိပါသည်။ အမျိုးသမီးအများစုမှာ ဈေးရောင်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများအနည်းအကျဉ်းရှိပါသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | - | ရွာနှင့် အလှမ်းဝေး |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | အလုပ်အကိုင်ရှားပါး |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၁၀၀၀၀ | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ငန်း၏ နေ့စားခမှာ လက်ရှိကုန်ဈေးနှုန်းနှင့် မျှတမှုမရှိသောကြောင့် လုပ်ကိုင်သူနည်းပါးသည်။ ကျောက်လုပ်လုပ်ရေး နေ့စားခမှာ ရွာနှင့်အလှမ်းဝေးသဖြင့် သွားရောက်လုပ်ကိုင်ရန် ခက်ခဲမှုများရှိသည်။ လက်သမား၊ ပန်းရံလုပ်ငန်းစသော ဆောက်လုပ်ရေးများ၏ အခြေအနေမှာ အတင့်အသင့်ရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၅၀၀၀ | ကောင်း | အနည်းအကျဉ်း | ၅၀၀ဧက |
| ယာမြေ /တောင်ယာ | ၂၀ | | | |
| ဥယျာဉ်ခြံမြေ | - | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၆ | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | **၄၉၄** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာမြေအများစုမှာ အဓိကစပါးကိုသာ စိုက်ပျိုးသည်။ မြေဆီလွှာအသင့်အတင့် ရှိ၍ ရေရရှိသော လယ်မြေများတွင် ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုးနှင့် ခရမ်းချဉ်၊ ဖရဲ၊

သခွားတို့ကို စိုက်ပျိုးကြ သည်။

## (၁.၃.၂) ခေတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ခေတ်ငွေ့/ရေနံ) | မရှိ | |
| အခြား ရင်းမြစ်များ | မရှိ | |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | | |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနားရှိ ရိုးမနိုင်ချောင်းမှ သဲနှင့်ကျောက်များ ထုတ်ယူရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် ၁၅အထက် | ၈ ဧကမှ၁၀ဧက | ၃ဧကမှ၅ဧက | လယ်မရှိ |
| အိမ်အခြေအနေ | သွပ်၊ အုပ်၊ ပျဉ်ခင်း | သွပ်၊ ပျဉ်ကာ၊ ခင်း | သွပ်၊ ဝါးထရံ | ကပ်ကယ်၊ ဝါးခင်း၊ ဝါးကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်ကြီး | လက်တွန်းထွန်စက် | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား | ဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ | လယ်ယာ | လယ်ယာ | ကျပန်း |
| အိမ်ထောင်စု - ၁၈၉ | ၁၉ ( ၁၀%) | ၄၇(၂၅ %) | ၁၀၉ (၅၇ %) | ၁၄ (၈ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရွာအတွင်း အဆင်ပြေအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအနည်းငယ်ရှိသည်။ အလယ်အလတ်နှင့် ဆင်းရဲသော အိမ်ထောင်စုပိုများသည်။ စီးပွားရေးမှာ အသင့်အတင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖြေရှင်းသည့်နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လ အထိ | | | |
| ၆လ မှ ၁၂ လ အထိ | ၂၀ | ၀ | |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝမ်းစာဖူလုံမှုတွင် အိမ်ထောင်စုအများစုသည် ဝမ်းစာဖူလုံမှုနှင့် မဖူလုံသော အိမ်ထောင်စုမှာဆင်းရဲ နွမ်းပါးသူများသာဖြစ်ကြသည်။ သက်ကြီးရွယ်အိုများကို အဝေးရောက်သော သားသမီးများက ထောက်ပံ့ကြပေးကြပြီး ချေးငှားယူကြသော်လည်း နပ်မှန်အောင်စားသူများသာ ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အို အိမ်ထောင်စု (၂)စုရှိသည်။ ထိုအဘိုး၊ အဖွားတို့မှာ အသက်(၈၀)ကျော်ကြပြီး သား/သမီးမရှိသောကြောင့်

ကူညီစောင့်ရှောက်မှု အထူးလိုပ်လျက်ရှိသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုမှာ(၁၆)ဦးရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖိုအိမ်ထောင်စုမှာ (၄)ဦးရှိပါသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | မြေယာမဲ့တောင်သူအလုပ်ရှားပါးခြင်း။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | သစ်တောပြုန်းတီးမှု၊ ချောင်းတိမ်ကော၊ တခါတရံမှသာဖြစ်သည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | လတ် | အထွက်နှုန်းလျော့နည်း၊ မိုးနည်း။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှောင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်အလွန်ခုတ်ယူခြင်း၊ မီးရှို့ခြင်း။ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ထိခိုက်မှုမရှိ။ |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သစ်တောပြုန်းတီးမှုကြောင့် ရေအရင်းအမြစ်ရှားပါးလာခြင်း၊ အပူ၊ အအေး

မမျှတာမှုကြောင့် တခါတရံ ရေကြီးခြင်းများ ဖြစ်ပေါ်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးသုံးစွဲမှု များ ပြားလာခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မြစ်မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | မူးယစ်ဆေးဝါးလွန်စွာပေါ်များ ခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မူးယစ်ဆေးဝါးများ လွန်စွာဦပေါ်များလာခြင်းကြောင့် ရွာရှိလူငယ်များနှင့် အမျိုးသားများအဓိက ပျက်စီးနေသောကြောင့် ၄င်းတို့ကို မိသားစုများစိတ်ဆင်းရဲနေကြရပြီး ရပ်ရွာဖွံ့ဖြိုးရေးအတွက် နှောင်းနှေးနေရကြောင့် လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဓမ္မစကူးလ် | | | | | ယဉ်ကျေးလိမ္မာ | | |
| ၂ | အပျို၊ လူပျို | | | | | လူတော်လူကောင်း | | |
| ၃ | မိခင်နှင့် ကလေး | | | | | သာရေး၊ နာရေး | | |
| ၄ | အမျိုးသမီးရေးရာ | | | | | ကလေးငယ်များ စောင့်ရှောက် အမျိုးသမီးဖွံ့ဖြိုးတိုးတက် | | |
| ၅ | အရံမီးသတ် | | | | | မီးဘေးကာကွယ်ရေး | | |
| ၆ | ပရဟိတ | | | | | ချမ်းမြေ့သာယာနာရေးကူညီ | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ အဖွဲ့အစည်းအားလုံးလည်း ချိတ်ဆက်မှုအားနည်းသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နိုင်ငံတကာအေဂျင်စီအဖွဲ့အစည်းများ လာရောက် အကူအညီပေးခြင်းများ မရှိသေးပါ။ အကူအညီပေးခြင်းများမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၆ | ၄၄.၃၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၈ | ၉.၇၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၁ | ၁၁.၃၅% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၅၄ | ၂၉.၁၉% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၀ | ၅.၄၁% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၈၉** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာမဲ့ဦးရေနည်းပါးပြီး လယ်ပိုင်ဆိုင်သူဦးရေများသော်လည်း မြေဆီလွှာညံ့ဖျင်းမှု မိုးရေခံလယ်မြင်သည့်အတွက် စပါးအထွက်နှုန်းများ လျော့နည်းခြင်းကြောင့် စီးပွားရေးကြက်တည်းမှုကို လေ့လာတွေ့ရှိရပါသည်။

#### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းရေးယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | | ရာသီအလိုက် | မရှိ |
| ၈ | အခြား | - | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရေအရင်းအမြစ်မှာ အဓိက အစိုးရဆည်ရေ၊ ချောင်းရေ၊ မိုးရေများမှရရှိပါသည်။ ထိုရေများကိုသာ စိုက်ပျိုးရေးအတွက် အသုံးပြုကြပါသည်။ ဆည်ရေမှာ အားနည်းသဖြင့် သုံးစွဲမှု မလုံလောက်၍ အထွက်နှုန်းလျော့ကျနေသည်ကို တွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လ တ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျှမ်း မျှ | မှ | ထိ | | | |
| မိုး | ၅၀၀၀ | တင်း | ၆၀ | ၁၀၀ | ၈၀ | ဇွန် | အောက်တိုဘာလ | လတ် | လတ် | |
| စပါး | ၅၀ | တင်း | ၁၀ | ၈၀ | | နိုင်ဝင်ဘာ | မေ | နိမ့် | နိမ့် | |

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| | | | | | | လ | | | | |
| မြေပဲ | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မြေပဲကို အနည်းငယ်မျှသာ စိုက်ပျိုးကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၂ | - | - | - | - | - | |
| လက်တွန်းထွန်စက် | ၂၅ | - | - | - | - | - | |
| အစေ့ချ ကိရိယာ | ၅ | - | - | - | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | ၄ | - | - | - | - | - | |
| ရေစုပ်စက် | ၅၀ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |
| မြက်ရိတ်စက် | ၂ | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်သမားအများစုသည် လက်တွန်းထွန်စက်ကိုသာ စိုက်ပျိုးရေးအတွက်

အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခြေအနေ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | |
| ရေရင်းမြစ် | ဆည်၊ ချောင်း၊ မိုးရေမှ စိုက်ပျိုးရေရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | နွားချေး၊ ကြက်ချေး၊ မြေဆွေး၊ ဖွဲကြမ်းတို့ကို အသုံးပြုသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ဓာတ်မြေဩဇာဆိုင်များတွင် အလွယ်တကူရရှိနိုင်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်နှင့် သမမှချေးငွေရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | စိုက်ပျိုးဌာနမှ ဟောပြောပွဲများ ဆောင်ရွက်ပေးသည်။ |
| သွင်းအားစုဈေးကွက် | ဓာတ်မြေဩဇာ အမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုးရရှိနိုင်သည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ဆန်၊ စပါးများအား ကုန်သည်များသို့ ရောင်းချသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ မြေဆီလွှာအားနည်းမှုကြောင့် ဓာတ်မြေဩဇာ အမျိုးမျိုးကို သုံးစွဲသဖြင့် မြေများပျက်စီးပြီး ရေအရင်းအမြစ်အလုံလောက်သဖြင့် သီးနှံအထွက်တိုး လျော့နည်းနေပါသည်။ စိုက်ပျိုးရာတွင် မှန်ကန်သည့် နည်းလမ်းများဖြင့် စိုက်ပျိုးနိုင်လျှင် အထွက်နှုန်းကောင်းမွန်လာနိုင်ပြီး လယ်သမားများပိုလျှံသော စပါးများရောင်းချနိုင်သောကြောင့် ဝင်ငွေတိုးပွားလာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေရိုင်းများ မရှိတော့ပါ။ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေဆီသြဇာ အခြေအနေ | ဓာတ်မြေသြဇ သုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးခြင်း။ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ငွေကြေးအတိုးနှုန်းဖြင့် ဈေးသူများထံမှ အတိုးနှုန်းမြင့် ချေးယူခြင်း။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | လယ်ယာသုံးပစ္စည်းများ ဝယ်ယူရန်နှင့် စိုက်ပျိုးစရိတ်ချေးယူရန် စိုက်ဘဏ်မှ အချိန်မမှီခြင်း။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးပြုလာခြင်း။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးရေကိုသာအဓိကအားထားခြင်း။ |
| စိုက်ပျိုးရေမလုံလောက်မှု | အခက်အခဲမရှိပါ။ |
| ဖျက်ပိုးနှင့် ရောဂါ | ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှု ပိုများလာသည်။ |
| ဈေးကွက် လက်လှမ်းမီမှု | အခက်အခဲမရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာမသိသဖြင့် မိရိုးဖလာစိုက်ပျိုးနည်းကို အသုံးပြုခြင်း။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာမြေများကို ဓာတ်မြေသြဇာပိုမိုသုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို ပိုမိုအသုံးပြုလာခြင်းကြောင့် လုပ်သားများရှားပါးလာခြင်း၊ ကုမ္ပဏီမှ အမျိုးအမည်မသိ ပိုးသတ်ဆေးများသုံးစွဲခြင်းကြောင့် လယ်သမားများ ရောဂါရရှိပြီး ထွက်နှုန်းများ လျော့နေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | - | ၂၃၃ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | - | ၁၈ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ဝက် | - | ၁၁၀ | |
| ကြက် | - | ၉၈၀ | |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ငန်းအတွက် ခိုင်းနွားများကိုသာ မွေးမြူကြပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေသီးသန့်မရှိပါ၊ လယ်ဘေးတွင်သာအသုံးပြုခြင်း။ |
| ရေရရှိမှု | |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် | - |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
